## ၆-၅-၂၀၂၆ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည်) | | ဆီ (တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့်ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | ၁၁၇၀၀ | ၂၇၀၀၀ | ၁၀၃၀၀ | ၄၉၂၀ | ၄၇၆၅ | - | ၆၇၀၅ | ၁၀၁၅၀၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၉၆၁၀ | ၄၈၉၅ | ၄၇၃၅ | ၅၄၉၀ | ၆၆၈၀ | ၁၀၁၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၂၀၀ | ၉၃၅၀ | ၂၆၀၀၀ | - | ၆၇၅၀ | ၆၃၅၀ | ၉၀၅၀ | - | ၁၀၄၀၀၀၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၈၄၂၅ | ၄၈၅၀ | ၄၆၉၀ | ၅၄၄၅ | ၆၆၃၀ | ၁၀၄၀၀၀၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၈၂၀၀ | ၄၈၅၀ | ၄၆၉၀ | ၅၄၄၅ | ၆၆၃၀ | ၁၀၆၀၀၀၀၀ |
| ၆ | ဘားအံ | ၃၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၈၁၀၀ | ၄၇၉၀ | ၄၆၃၅ | ၅၃၉၀ | ၆၅၇၅ | ၁၀၃၀၀၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | ၆၂၀၀ | ၂၃၀၀၀ | ၈၀၀၀ | ၄၉၄၀ | ၄၇၅၅ | ၅၈၉၅ | ၆၈၃၀ | ၁၀၄၀၀၀၀၀ |
| ၈ | ထားဝယ် | ၃၆၀၀ | ၆၇၀၀ | ၂၄၀၀၀ | ၈၂၂၅ | ၄၈၇၀ | ၄၇၁၅ | ၅၄၆၅ | ၆၆၅၅ | ၁၀၃၇၀၀၀၀ |
| ၉ | မြိတ် | ၃၅၀၀ | ၆၆၀၀ | ၂၃၀၀၀ | ၈၀၂၅ | ၅၀၅၀ | ၄၈၅၀ | ၅၇၀၀ | ၅၉၀၀ | ၁၀၄၁၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၃၀၀ | ၅၈၀၀ | ၂၃၀၀၀ | ၇၈၅၀ | ၄၆၇၀ | ၄၅၁၅ | ၅၂၇၅ | ၆၄၅၅ | ၁၀၄၁၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၆၅၀ | ၄၉၀၀ | ၂၁၀၀၀ | ၈၁၅၅ | ၄၇၇၀ | ၄၆၁၀ | ၅၃၆၅ | ၆၅၅၀ | ၁၀၃၃၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၃၅၀၀ | ၃၃၀၀၀ | - | ၅၀၆၀ | ၄၉၀၀ | ၅၆၄၅ | ၆၈၄၅ | ၁၀၂၃၀၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၉၃၀၀ | ၁၉၅၀၀ | ၈၇၇၀ | ၄၉၂၀ | ၄၇၆၅ | ၅၅၁၅ | ၆၇၀၅ | ၁၀၄၅၀၀၀၀ |
| ၁၅ | မန္တလေး | ၃၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၈၆၇၀ | ၄၈၆၀ | ၄၇၀၀ | ၅၄၅၅ | ၆၆၄၅ | ၁၀၄၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | ၇၀၀၀ | ၁၈၅၀၀ | ၈၆၆၅ | ၄၈၆၀ | ၄၇၀၀ | ၅၄၅၅ | ၆၆၄၅ | ၁၀၆၅၀၀၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | ၉၅၀၀ | ၁၈၅၀၀ | ၈၄၉၅ | ၄၈၆၀ | ၄၇၀၀ | ၅၄၅၅ | ၆၆၄၅ | ၁၀၁၆၀၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၈၂၅၀ | ၄၇၁၆ | ၄၅၆၁ | ၅၃၂၁ | ၆၅၀၆ | ၁၀၅၀၀၀၀၀ |
| ၁၉ | ပဲခူး | ၃၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၈၀၄၅ | ၄၆၈၅ | ၄၅၃၀ | ၅၂၉၀ | ၆၄၇၀ | ၁၀၃၄၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၂၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၈၂၃၅ | ၄၈၀၀ | ၄၆၄၀ | ၅၃၉၅ | ၆၅၈၀ | ၁၀၄၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၂၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၈၂၃၅ | ၄၈၀၀ | ၄၆၄၀ | ၅၃၉၅ | ၆၅၈၀ | ၁၀၄၁၀၀၀၀ |
| ၂၂ | ကလေး | ၃၇၀၀ | | ၂၁၀၀၀ | ၉၈၂၀ | ၅၉၂၀ | ၅၇၆၅ | ၆၅၁၅ | ၇၇၀၅ | ၁၀၄၀၀၀၀၀ |

The Consumer Affairs

News Letter

Monthly News Letter | Apirl 2026 | Department of Consumer Affairs

## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ





စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်၊စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ရှမ်းပြည်နယ်စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၄-၃-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ်စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၆-၃-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၀-၃-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၁-၃-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ စုစုပေါင်း (၄) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ကော်မရှင်**

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

## သတင်းခေါင်းစဉ်များ


မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ ၁

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ ၃

၂။ တွဲကားဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၃။ အာမခံကုမ္ပဏီ၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ သန့်ရှင်းသောသောက်ရေသန့်များ ရောင်းချပေးမှု မရှိသဖြင့် စစ်ဆေးအရေးယူပေးပါရန်

၅။ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ

ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ ၆

၆။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၇။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၈။ Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

၉။ ၂၀၂၆ခုနှစ်၊ မတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၀။ ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူအသိပညာပေးရေးကဏ္ဍ ၁၄

၁၁။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၂။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၃။ ၂၀၂၆ ခုနှစ် မတ်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ ၂၂

၁၄။ ၂၀၂၆ ခုနှစ် မတ်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

၁၅။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

ကုန်သွယ်မှုကဏ္ဍ ၂၄

၁၆။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ




*စာမျက်နှာ ၂၂ မှ အဆက်*

ကောက်ခံလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ ၅,၆၇၈ လုံး မှတ်ပုံတင်ထားရှိကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

*စာမျက်နှာ ၅ မှ အဆက်*

**၂၀၂၆ ခုနှစ်၊ မတ်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း**

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | မတ်လ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဖေဖော်ဝါရီလ ဖြေရှင်းရန်ကျန် | မတ်လ | ပေါင်း | ဖေဖော်ဝါရီလက်ကျန်မှ | မတ်လ ကုန်စည် | မတ်လ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁ | | ၁ | | | ၂ | ၁ | ၃ | ၁ | | ၁ | ၂ | ၁ | ၆၆.၆၇% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | | ၄ | ၃ | | ၁ | | ၁၃ | ၄ | ၁၇ | ၇ | | ၂ | ၉ | ၈ | ၅၂.၉၄% |
| ၁၀ | မွန်ပြည်နယ် | | ၂ | ၁ | ၁ | | | ၄ | ၂ | ၆ | ၃ | | ၁ | ၄ | ၂ | ၆၆.၆၇% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၂၅ | ၂၅ | ၃ | | | ၃၂ | ၂၈ | ၆၀ | ၁၃ | | ၂ | ၁၅ | ၄၅ | ၂၅.၀၀% |
| ၁၃ | ရှမ်းပြည်နယ် | | ၂ | ၂ | | | | | ၂ | ၂ | | | | ၀ | ၂ | ၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၂ | ၁ | | | ၁ | ၃ | ၂ | ၅ | | | | ၀ | ၅ | ၀.၀၀% |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၃ | ၂ | ၃ | | ၂ | | ၂ | ၅ | ၇ | ၁ | ၂ | ၂ | ၅ | ၂ | ၇၁.၄၃% |
| ၁၆ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၆ | ၃၈ | ၃၅ | ၅ | ၃ | ၁ | ၅၆ | ၄၄ | ၁၀၀ | ၂၅ | ၂ | ၈ | ၃၅ | ၆၅ | ၃၅.၀၀% |
| | | ၄၄ | | ၄၄ | | | | | | | | ၁၀ | | | | |

**Source: CICC**

# သတင်းအချက်အလက်၊ နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

## ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ဓာတ်ခွဲစမ်းသပ် ဆောင်ရွက်ခဲ့မှုအခြေအနေ



စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့်အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့်အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း လုပ်ငန်းရှင် ၁၅ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၈ မျိုး၊ စုစုပေါင်း နမူနာအရေအတွက် ၅၀ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၆၈ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း လယ်ယာထွက်ကုန် ပို့ကုန်များအား တရုတ်၊ ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွန်း၊ ပဲယင်းနှင့် ထောပတ်ပဲတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုအရည်အသွေးနှင့်သီးနှံရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၄၈ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၁၂ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၁ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်း မှ ၅ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၂ ခု၊ စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု ၆၈ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။ **Source: သတင်း/နည်း**

## မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ၊ သိုလှောင်မှုအခြေအနေများနှင့် နိုင်ငံအနှံ့ရှိ သိုလှောင်ရုံများကို ဒီဂျစ်တယ်နည်းလမ်းဖြင့် စနစ်တကျမှတ်ပုံတင်နိုင်သည့် မြန်မာဆန်စပါး အွန်လိုင်း (Myanmar Rice Online – My RO) အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဆန်စပါး အွန်လိုင်း (My RO) တွင် အွန်လိုင်းစနစ်ဖြင့် သိုလှောင်ရုံမှတ်ပုံတင်ခြင်း လုပ်ငန်းများကို သိုလှောင်ရုံ အကျယ်အဝန်း သတ်မှတ်ချက်များအလိုက် အုပ်စု ၄ စုခွဲ၍

*စာမျက်နှာ ၂၃ ကော်လံ ၁ သို့*



# စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

## တွဲကားဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ကားကုမ္ပဏီတစ်ခုထံမှ Dong Feng တွဲကား (၂) စီးအား ကုမ္ပဏီသတ်မှတ်စျေး တစ်စီးလျှင် USD ၄၃၀၀၀ ဖြင့် ဝယ်ယူခဲ့ရာ တွဲကား (၂) စီး အတွက် သတ်မှတ်ထားသော စရံငွေ USD ၆၇၀၀ (ကျပ်သိန်း ၂၀၀) အား ပေးအပ်ခဲ့ပြီး (၃) လအတွင်း ကားအပ်နှံမည်ဟုပြောသော်လည်း လ (၃၀) ကျော် အကြာတွင် (၁) စီးလျှင် USD ၅၅၀၀၀ ပေးရမည်ဖြစ်ကြောင်း ပြောကြားသဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လူကိုယ်တိုင်လာရောက် တိုင်ကြားလာကြောင်း သိရှိရပါသည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် ကားကုမ္ပဏီသို့ ဆက်သွယ်အကြောင်းကြားခဲ့မှုအပေါ် ကုမ္ပဏီအနေဖြင့် သွင်းကုန်မူဝါဒ အပြောင်းအလဲကြောင့် USD ၄၃၀၀၀ မှ USD ၅၅၀၀၀ သို့ စျေးနှုန်းပြောင်းလဲ ရောင်းချခြင်းဖြစ်ကြောင်း တင်ပြချက်အရ ကုမ္ပဏီသည် (၁၀-၆-၂၀၂၃)မှ (၃၁-၁-၂၀၂၆) အတွင်း တွဲကားများ တင်သွင်းခြင်း ရှိ/မရှိ စိစစ်ပေးနိုင်ရန် ပို့ကုန်သွင်းကုန်ရုံး၊ မန္တလေးသို့ အကြောင်းကြားစစ်ဆေးခဲ့ရာ သွင်းကုန်လိုင်စင် (၁၉၁) စောင်၊ အစီးရေ (၇၅၁)စီး ခွင့်ပြုထုတ်ပေးကြောင်း အကြောင်းပြန်ကြားချက်အရ ဌာနမှ ခေါ်ယူ ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ကုမ္ပဏီမှ တွဲကား (၂) စီး ဝယ်ယူထားသည့် တိုင်ကြားသူအား စရံငွေကျပ် သိန်း (၂၀၀)+ နစ်နာမှုအတွက် (၃၃၆)သိန်း၊ စုစုပေါင်း (၅၃၆)သိန်း ကို ပေးလျော်ခဲ့သည့်အတွက် တိုင်ကြားသူမှလည်း ကျေနပ်မှုရှိပါသောကြောင့် နှစ်ဦးနှစ်ဖက် သဘောတူညီမှု ပုံစံ(၉) တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ နှစ်ဦးနှစ်ဖက် အဆင်ပြေသွားသော်လည်း လုပ်ငန်းရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၂၁ (စ)နှင့် (ဇ)တို့အား ဖောက်ဖျက်ကျူးလွန်သဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးက စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၅၂ (က) အရ "သတိပေးခြင်း" ပြစ်ဒဏ်ကို ချမှတ်ခဲ့ပြီး အမှုပိတ်သိမ်းမှတ်တမ်းတင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အာမခံကုမ္ပဏီ၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နေ တိုင်ကြားသူသည် ၎င်းပိုင်ဆိုင်သော မော်တော်ယာဉ်အား ပြည်မြို့ရှိ အာမခံကုမ္ပဏီရုံးခွဲတွင် မော်တော်ယာဉ် အာမခံထားရှိခဲ့ကြောင်း၊ အဆိုပါယာဉ်သည် မတော်တဆမှု ဖြစ်ပွားခဲ့သည့်အတွက် အာမခံထားရှိသော ကုမ္ပဏီသို့ အကြောင်းကြားခဲ့ရာ နစ်နာဆုံးရှုံးမှုအတွက် မော်တော်ယာဉ်အာမခံလျော်ကြေးငွေအား ကုမ္ပဏီက

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၃ မှ အဆက်*

ပြန်လည်ပေးအပ်ခြင်း မရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ စာဖြင့် ဆက်သွယ်တိုင်ကြားလာကြောင်း သိရှိရပါသည်။




အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားသူနှင့် တိုင်ကြားခံရသည့် အာမခံကုမ္ပဏီတို့အား တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ခေါ်ယူတွေ့ဆုံ၍ ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း ကုမ္ပဏီ၏ အာမခံပေါ်လစီနှင့် မညီညွတ်သည့်အတွက် တိုင်ကြားသူထံသို့ မော်တော်ယာဉ် အာမခံလျော်ကြေးငွေအား ပြန်လည်ပေးလျော်ခြင်း မရှိခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီ အစည်းအဝေး (၂/၂၀၂၆) တွင် အမှာစာဖြင့် တင်ပြခဲ့ရာ ကုမ္ပဏီအနေဖြင့် မော်တော်ယာဉ် ပျက်စီးဆုံးရှုံးသည့် ယာဉ်ပြင်ဆင်စရိတ် ကျသင့်တန်ဖိုး ငွေကျပ် (၁၄၆) သိန်းခန့်အပေါ် သင့်တင့်မျှတသည့် အာမခံလျော်ကြေးငွေအား တိုင်ကြားသူထံသို့ အမြန်ဆုံးပေးလျော်သင့်ပါကြောင်း ဆုံးဖြတ်ချက်အရ တိုင်ကြားသူ၏ မော်တော်ယာဉ် ပျက်စီးဆုံးရှုံးသည့် ယာဉ်ပြင်ဆင်စရိတ် (၁၄၆) သိန်းခန့် ကုန်ကျထားမှုအပေါ် ၃ ပုံ ၂ ပုံ ခန့် ပြန်လည်ပေးချေနိုင်ရေး ဆောင်ရွက်ပေးနိုင်ပါရန် ကုမ္ပဏီသို့ ညှိနှိုင်းအကြောင်းကြားဆောင်ရွက်ခဲ့ပါကြောင်း၊ ကုမ္ပဏီက အာမခံပေါ်လစီ စည်းကမ်းချက်နှင့် မညီညွတ်သဖြင့် လျော်ကြေးအား ဆောင်ရွက်ပေးခဲ့ခြင်း မရှိသော်လည်း ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် ပဲခူးတိုင်းစားသုံးသူရေးရာဦးစီးဌာန၏ ညှိနှိုင်းပေးမှုအားလေးစားသောအားဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်ကတည်းက ကားအာမခံထားရှိခဲ့သော customer အား တန်ဖိုးထားခြင်းနှင့် ဆုံးရှုံးမှုအား လူမှုရေးအရ စာနာထောက်ထားမှုများကြောင့်လည်းကောင်း လျော်ကြေးအား ပေါ်လစီစည်းကမ်းချက်နှင့်အညီ မေတ္တာရှိ လျော်ကြေးဖြင့် ငွေကျပ် ၄,၀၀၀,၀၀၀/-နှင့် ယာဉ်ပေါ်လိုက်ပါစီးနင်းသူ တိုင်ကြားသူ၏ ဒဏ်ရာရရှိမှုအတွက် ပေါ်လစီ စည်းကမ်းချက်ပါ လျော်ကြေးအတိုင်း ငွေကျပ် ၃၂၀,၀၀၀/-၊ စုစုပေါင်းငွေကျပ် ၄,၃၂၀,၀၀၀/- (ကျပ်လေးဆယ့်သုံးသိန်း နှစ်သောင်းတိတိ) ကို ပေးလျော်သွားမည်ဟု အကြောင်းပြန်ကြားလာပါကြောင်း၊ တိုင်ကြားသူမှ သဘောတူညီမှုရရှိသဖြင့် ကုမ္ပဏီမှ နစ်နာကြေးငွေကျပ် ၄,၃၂၀,၀၀၀/- (ကျပ်လေးဆယ့်သုံးသိန်းနှစ်သောင်းတိတိ) အား တိုင်ကြားသူထံသို့ တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ အဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ပေးလျော်ခဲ့ပြီး သဘောတူညီမှုပုံစံတွင် လက်မှတ်ရေးထိုး၍ နှစ်ဦးနှစ်ဖက် ကျေနပ်မှုရရှိသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**



*စာမျက်နှာ ၂၀ မှအဆက်*

ရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ကလောခရိုင်ဦးစီးမှူးရုံးမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းကာ အွန်လိုင်းစနစ်ဖြင့်ရောင်းဝယ်ယူခြင်းနှင့်ပတ်သက်၍ Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်နှင့် တွေ့ဆုံခြင်းအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ပေါ်ရှိ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့်တာဝန်များအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ မတ်လ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီ အစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်း | လုပ်ငန်းရှင် တွေ့ဆုံ ဆွေးနွေးခြင်း | သင်တန်းများ ဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ် ကောလိပ် သိပ္ပံ | ရပ်ကွက် ကျေးရွာ | တပ်ရင်း+ ဌာန+ အသင်း | Online/ Media (Talk Show) | စက်ရုံ အလုပ်ရုံ | ဈေး | ပြခန်း | အခြား | စုစု ပေါင်း | | | | |
| ၁ | ကချင် | - | - | ၂ | - | - | ၁ | - | ၁ | - | ၄ | - | ၃ | ၁ | - |
| ၂ | ကယား | - | - | - | ၁ | - | - | - | ၁ | - | ၂ | - | ၂ | - | - |
| ၃ | ကရင် | - | - | - | ၁ | - | - | - | - | ၂ | ၃ | - | ၃ | - | - |
| ၄ | ချင်း | - | - | ၁ | - | - | - | - | - | - | ၁ | - | ၁ | - | ၁ |
| ၅ | စစ်ကိုင်း | - | - | ၁ | ၆ | ၃ | - | - | ၁ | - | ၁၁ | - | ၂၃ | ၁ | - |
| ၆ | တနင်္သာရီ | ၁ | - | - | ၂ | ၂ | ၁ | - | ၁ | ၁ | ၈ | - | ၉ | - | - |
| ၇ | ပဲခူး | ၇ | - | ၂၄ | ၁၀ | ၉ | - | - | ၁ | - | ၅၁ | - | ၇၀ | - | ၁ |
| ၈ | မကွေး | - | ၁ | ၁ | ၁၁ | ၁၆ | - | ၄ | ၁ | - | ၃၄ | - | ၄၇ | ၂ | - |
| ၉ | မန္တလေး | - | - | ၆ | ၃ | ၇ | ၇ | - | ၃ | ၅ | ၃၁ | - | ၆၁ | ၃ | ၁ |
| ၁၀ | မွန် | - | - | - | ၂ | ၃ | ၁ | - | ၁ | - | ၇ | - | ၄ | ၁ | - |
| ၁၁ | ရခိုင် | - | - | - | - | - | - | - | - | - | - | - | ၁ | - | - |
| ၁၂ | ရန်ကုန် | - | - | ၄ | ၅ | ၃ | ၂ | ၄ | ၁ | - | ၁၉ | - | ၁၇ | - | - |
| ၁၃ | ရှမ်းတောင် | ၁ | - | ၁ | ၁ | ၁ | ၁ | - | ၁ | - | ၆ | - | ၁၀ | - | ၁ |
| ၁၄ | ရှမ်းမြောက် | - | - | ၁ | - | - | - | - | - | - | ၁ | - | ၅ | - | - |
| ၁၅ | ရှမ်းအရှေ့ | - | - | - | ၁ | - | - | - | - | - | ၁ | - | ၁ | - | - |
| ၁၆ | ဧရာဝတီ | ၁ | ၁ | ၂၁ | ၁၃ | ၂၃ | ၁ | ၁ | - | ၁ | ၆၂ | - | ၃၄ | - | - |
| ၁၇ | ပြည်ထောင်စုနယ်မြေ | - | - | - | - | - | - | - | - | - | - | - | ၁ | - | - |
| | ပြည်ထောင်စုချုပ် | ၁၀ | ၂ | ၆၂ | ၅၆ | ၆၇ | ၁၄ | ၉ | ၁၂ | ၉ | ၂၄၁ | - | ၂၉၂ | ၈ | ၄ |

**Source:** အသိပညာပေး

*စာမျက်နှာ ၁၉ မှ အဆက်*

ဟောပြောခဲ့ကြောင်း၊ ထို့နောက် ဆန်ကုန်သည်များအသင်းနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရန်အတွက် ကုန်စည်များအပေါ် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့၊ မုဒုံမြို့နှင့် ချောင်းဆုံမြို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ မုဒုံမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်၊ ပေါင်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်ကျင်းပ ပြုလုပ်ခဲ့ကြောင်း၊ ချောင်းဆုံမြို့နယ်၊ ကုလားဘီကျေးရွာရှိ သဘာဝမြေဩဇာလုပ်ငန်းရှင်၊ မော်လမြိုင်မြို့နယ် အထည်ချုပ်လုပ်ငန်းရှင်၊ သထုံမြို့ နန်းခဲရပ်ကွက်၊ ဘူတာလမ်းရှိ အာလူးကြော်လုပ်ငန်းရှင်၊ ပေါင်မြို့နယ် ဆပ်ပြာရည်လုပ်ငန်းရှင်များ ဆားလုပ်ငန်းဦးစီးဌာနတွင် ဆားလုပ်ငန်းရှင်များ၊ မုဒုံမြို့နယ်ရှိ ဟင်းမွှေးမဆလာ ထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့်ကွမ်တာကျေးရွာရှိ သောက်ရေသန့်လုပ်ငန်းရှင်၊ ဆားရှောက်လုံး စားသောက်ကုန်လုပ်ငန်းပိုင်ရှင်၊ ဆားကြိတ်စက်လုပ်ငန်းပိုင်ရှင်များနှင့်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ စားသုံးသူက တောင်းဆိုနိုင်သည့်အခွင့်



အရေး၊တားမြစ်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ အကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရခိုင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** စစ်တွေမြို့ပေါ်ရှိ လူစည်ကားရာ ဈေးများဖြစ်သော မြို့မဈေးကြီးနှင့် ရွာကြီးတောင်ဈေး၊ ဦးဥတ္တမခန်းမရှေ့နှင့် စစ်တွေမြို့ပေါ်ရပ်ကွက်များရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်များ၊ တားမြစ်ချက်များနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များအား သိရှိစေရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ပင်လုံမြို့နယ်၊ နောင်လိုင်ကျေးရွာရှိ စားသုံးသူပြည်သူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ ဝိန့်ကျောက်ရပ်ကွက်ရှိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား

*စာမျက်နှာ ၂၁ ကော်လံ ၁ သို့*



## သန့်ရှင်းသောသောက်ရေသန့်များ ရောင်းချပေးမှု မရှိသဖြင့် စစ်ဆေးအရေးယူပေးပါရန်



မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ တိုင်ကြားသူတစ်ဦးသည် သောက်ရေသန့်လုပ်ငန်းတစ်ခုမှာ ဈေးကွက်သို့ ဖြန့်ဖြူးနေသည့် ရေဘူးများအား ရေဘူးအကြမ်းဆေးခြင်း၊ အချောဆေးခြင်း၊ သတ်မှတ်ထားသော အလုံပိတ်အခန်းအတွင်း ရေချောထုတ်ခြင်း၊ ပါကင်ပိတ်ခြင်းများ ပြုလုပ်မှုမရှိခြင်း၊ နေ့စဉ်ဈေးကွက်သို့ ဖြန့်ချီသော ရေသန့်အား အရည်အသွေး စစ်ဆေးခတ်ခွဲခြင်းစသော FDA မှ ချမှတ်ထားသော စည်းကမ်းများနှင့် မညီညွတ်ဘဲ ထုတ်လုပ်ဖြန့်ဖြူးနေပါသဖြင့် စားသုံးသူများအား ဘေးအန္တရာယ်ဖြစ်စေသောကြောင့် စစ်ဆေးအရေးယူပေးပါရန် စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးသို့ စာဖြင့် ပေးပို့တိုင်ကြားလာကြောင်း သိရှိရပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှတာဝန်ရှိသူများက စိစစ်ခဲ့ရာ အဆိုပါတိုင်ကြားမှုမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှုမရှိကြောင်း တိုင်ကြားလာသည့် တိုင်ကြားမှုဖြစ်သဖြင့် သက်ဆိုင်ရာဌာနဖြစ်သော အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) သို့ အမှုလွှဲပြောင်းခွင့်ပြုပါရန်နှင့် လမ်းညွှန်မှုပြုနိုင်ပါရန် ပြည်နယ် စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌသို့ တင်ပြခဲ့မှုအပေါ် ဥက္ကဋ္ဌက အမှုလွှဲပြောင်းရန်ခွင့်ပြုခဲ့ပါသဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) သို့ တိုင်ကြားမှုအား လွှဲပြောင်းခဲ့ကြောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က တိုင်ကြားခံရသည့် သောက်ရေသန့်လုပ်ငန်းသို့ စစ်ဆေးခဲ့ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ သတ်မှတ်ထားသည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP) နှင့်အညီ သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးနေခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရ၍ အမျိုးသားအစားအသောက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးနိုင်ရန် ကျိုက်ထိုမြို့နယ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌထံ တင်ပြခဲ့ရာ သောက်ရေသန့်စက်ရုံအား အမျိုးသားအစားအသောက်ဥပဒေအခန်း (၆) ပါ ပုဒ်မ၁၃ (က) နှင့် ပုဒ်မ ၁၄ အရ သောက်ရေသန့်ထုတ်လုပ်ခြင်း ထောက်ခံချက်အား ၅-၃-၂၀၂၆ ရက်နေ့မှစ၍ (၃) လ ယာယီရပ်ဆိုင်းပြီး ယင်းကာလအတွင်း စက်ရုံ၏ အားနည်းချက်များကို ပြန်လည်ပြင်ဆင်၍ သတ်မှတ်ချက်နှင့်အညီ စစ်ဆေးမှုခံယူကာ လုပ်ငန်းပြန်လည်စတင်ရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထပ်မံအရေးယူမည်ဖြစ်ကြောင်း ဆောင်ရွက်ထားရှိမှုအား အကြောင်းပြန်ကြားလာပါသဖြင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာမိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း -

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ တစ်နှစ်အတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသော ကုန်စည် (၁၀) မျိုးဖြစ်သည့် အသင့်သောက်အချိုရည်၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အအေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးကစားစရာ အရုပ်နှင့်ပစ္စည်းအမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့အား



ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၈) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ပေါ်ရှိ ဆေးဆိုင်များနှင့် ရပ်ကွက်ကုန်စုံဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ အိမ်သုံးဆေးဝါးအရောင်းဆိုင်များ၊ Market Garden Shopping Center ၊ ကုန်စုံဆိုင်များ၊ ကော့သောင်းမြို့ပေါ်ရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ ရောင်းချသောကုန်စည်များတွင် ကုန်ညွှန်းအမှတ်အသားဖော်ပြမှု ရှိ-မရှိနှင့် သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ ဆေးဈေးနှုန်းများ ဆန်ဈေးနှုန်းများနှင့် ဆန်လက်ကျန်အခြေအနေများ စုံစမ်းစစ်ဆေးခြင်း၊ သင်္ဘောဖြင့် ဝင်ရောက်/ထွက်ရှိသော စားသောက်ကုန်များအား အထူးဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ သနပ္ပင်မြို့နယ်၊ ဝေါမြို့နယ်နှင့်

*စာမျက်နှာ ၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၈ မှ အဆက်*

မြို့နယ်ရှိ အလှကုန်ဆိုင်များနှင့် မုန့်မျိုးစုံဆိုင်များ၊ အိမ်မဲမြို့ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ ဝါးခယ်မမြို့နယ်နှင့် မော်ကျွန်းမြို့နယ်ရှိ ကုန်မျိုးစုံရောင်းချသည့်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သိသာထင်ရှားစွာ ဖော်ပြရမည့်အချက်များ၊ တားမြစ်ချက်များ၊ ဆန်စပါးအရည်အသွေး ထုတ်လုပ်မှုပြည့်မီရေး၊ အချိန်အတွယ်များ ပြည့်မီစေရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

### ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း -

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ စက်ရုံ၊ အလုပ်ရုံလုပ်သားများ၊ မိုးညှင်းမြို့၊ အောင်သပြေရပ်ကွက်၊ ရန်ကင်းရပ်ကွက်ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေး ဥပဒေပါ သိကောင်းစရာများ၊ အွန်လိုင်းမှတ်ပုံတင် ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့ရှိ ရေသန့်စက်ရုံ၊ မန်ခိန်ရပ်ကွက်၊ အောင်နန်းရပ်ကွက်နှင့် ဇရာရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊



မိုးညှင်းမြို့ရှိ အလှဆင်မီးဆိုင်းပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းများအား စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ သိသာ ထင်ရှားစွာ ဖော်ပြရမည့်အချက်များ၊ တားမြစ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ သင်တန်းသား၊ သင်တန်းသူများကို စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ မြန်မာစီးပွားရေးဘဏ်တွင် စားသုံးသူကာကွယ်ရေးဆိုင်ရာနှင့်စပ်လျဉ်း၍လည်းကောင်း၊ အသိပညာပေး

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

စာမျက်နှာ ၁၇ မှအဆက်

တွံတေးမြို့နယ်၊ သုံးခွမြို့နယ်နှင့် ကွင်းခြံကုန်းမြို့နယ်တို့ရှိ စားသုံးသူပြည်သူများ၊ ကော့မှူးမြို့နယ်၊ မဝန်းကျေးရွာ အုပ်စု၊ အုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူပြည်သူများ၊ မှော်ဘီမြို့နယ်၊ ရွှေပြည်သာမြို့နယ်တို့ရှိ လက်ဖက်ခြောက် စက်ရုံနှင့် ကြက်သားမှုန့်စက်ရုံတို့မှ ဝန်ထမ်းများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော ခဲ့ကြောင်း၊ ထို့ပြင် သုံးခွမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာ များအား Talk Show ဆောင်ရွက်ခဲ့ကြောင်း စီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံခြင်းအနေဖြင့် မရမ်းကုန်းမြို့နယ် မြဂန္ဓမာဈေးနှင့် သန်လျင်မြို့နယ် စည်ပင်သာယာ မြို့မဈေးတို့ရှိ ကုန်စုံဆိုင်ပိုင်ရှင်များ၊ ကမာရွတ်မြို့နယ် ရွှေဆိုင်လုပ်ငန်းရှင်များ၊ သာကေတမြို့နယ်ရှိ မုန့်လုပ်ငန်း နှင့် သောက်ရေသန့်လုပ်ငန်းရှင်များ၊ တောင်ဒဂုံမြို့နယ်နှင့် တာမွေမြို့နယ်များရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ရွှေပြည်သာမြို့နယ်ရှိ လက်ဖက်ခြောက်စက်ရုံနှင့် ကြက်သားမှုန့်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင် များ လိုက်နာရမည့် တာဝန်များကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သာပေါင်းမြို့နယ်၊ ပျဉ်းမထုံးကျေးရွာ၊ ကန်ကြီးထောင့်မြို့ အမှတ်(၃)ရပ်ကွက်၊ ငပုတောမြို့မြောက်ပိုင်း၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့၊ မအူပင်မြို့နယ် မှန်ပင်ကျေးရွာ၊ ရေကြည်မြို့နယ် ကြို့ကုန်းကျေးရွာနှင့် သာပေါင်းမြို့နယ်၊ လေ့ကြီးတက်ကျေးရွာရှိ စားသုံးသူပြည်သူများ၊ ဟင်္သာတ မြို့ နည်းပညာတက္ကသိုလ်ရှိ ဆရာ-ဆရာမများနှင့် ကျောင်းသား-ကျောင်းသူများ၊ မြောင်းမြမြို့၊ အကျဉ်းဦးစီး ဌာနရှိ ဝန်ထမ်းများ၊ လပွတ္တာမြို့၊ မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ၊ မြောင်းမြ မြို့ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား-သင်တန်းသူများ၊ ညောင်တုန်းမြို့ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်စာရေးများ၊ ဓနုဖြူမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ ဖျာပုံမြို့မျှော်ပိုက်လုပ်ငန်းရှင်အသင်းနှင့် မော်တော်ယာဉ်အသင်း၊ ဒေးဒရဲမြို့ ကောင်းရွှေပြည်သော် ဆန်စက်မှဆန်စက် လုပ်သားများအား စားသုံးသူအခွင့် အရေးနှင့်တာဝန်များ၊ စားသုံးသူများ လိုက်နာဆောင်ရွက် ရမည့်အချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုများရှိလျှင် တိုင်ကြားနိုင်သည့် နည်းလမ်းများဟော ပြောခဲ့ကြောင်း၊ အိမ်မဲမြို့၊ ဝါးခယ်မ မြို့၊ မော်လမြိုင်ကျွန်းမြို့၊ မြောင်းမြမြို့နှင့် ဖျာပုံမြို့တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များကိုလည်း ဆောင်ရွက် ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် ဖျာပုံခရိုင် အတွင်းရှိ စားအုန်းဆီရောင်းချသည့် လုပ်ငန်းရှင်များအား သတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချပြီး ဈေးနှုန်းမြင့်တင် ရောင်းချခြင်းမပြုရန်၊ ရရှိသောခွဲတမ်းအရေအတွက် အတိုင်း အပြည့်အဝ ရောင်းချကြရန်နှင့် သိုလှောင် သိမ်းဆည်းခြင်းများမပြုရန် ဆွေးနွေးခဲ့ကြောင်း၊ ဟင်္သာတ


စာမျက်နှာ ၁၉ ကော်လံ ၁ သို့



စာမျက်နှာ ၆ မှအဆက်

ကဝမြို့နယ်ရှိ ရပ်ကွက်ကုန်စုံ ဆိုင်များ၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များရှိ မြို့မစည်ပင်သာယာဈေးနှင့် ရပ်ကွက်/ကုန်စုံဆိုင်များ၊ ပြည်ခရိုင်၊ ပန်တောင်းမြို့၊ ရွှေတောင်မြို့၊ ပေါက်ခေါင်းမြို့နယ်တို့ရှိ စည်ပင်သာယာ ဈေး၊ ရပ်ကွက်/ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီမြို့၊ ကြို့ပင် ကောက်မြို့၊ လက်ပံတန်း၊ မင်းလှ ၊ အုတ်ဖိုမြို့ ၊ မိုးညိုမြို့ရှိ စည်ပင်သာယာဈေးများ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ ညောင်းလေးပင်ခရိုင်အတွင်းရှိ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဒိုက်ဦးမြို့နယ် တို့ရှိ စည်ပင်သာယာဈေးများ၊ နတ်တလင်းခရိုင်အတွင်း ပေါင်းတည်မြို့၊ ဇီးကုန်းမြို့၊ နတ်တလင်းမြို့၊ သဲကုန်းမြို့ တို့နယ်တို့ရှိ ရပ်ကွက်ကုန်စုံဆိုင်များတွင် ဆေးဝါးများနှင့် စက်ရုံများ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက် ခဲ့ရာ တစ်နှစ်စာအတွင်း ဦးစားပေး ကုန်စည်များဖြစ်သည့် အသင့်သောက် အချိုရည်၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အအေးခဲအစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ အရန်သင့်အစားအစာ အမျိုးမျိုး၊ အာဟာရဖြည့်စွက်စာ အမျိုးမျိုး၊ ကလေးကစားစရာအရုပ်နှင့်ပစ္စည်းအမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့ကို စောင့်ကြည့်စစ်ဆေးခဲ့ ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌



ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာ ဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြထားခြင်း ရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှထုတ်ပြန်ထားသည့် စားသုံးရန်သုံးစွဲရန် မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခဲ့ရာ စည်ပင်သာယာဈေးတွင် (၁၃) ကြိမ်၊ မြို့ပေါ်ရှိရပ်ကွက်များတွင် (၁၉) ကြိမ်၊ စက်ရုံ အလုပ်ရုံများတွင် (၁၈) ကြိမ်၊ စုစုပေါင်းအကြိမ် (၅၀) နှင့် အထူးဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင် (၂) ကြိမ်၊ စားသုံးဆီ အရောင်းဆိုင်များတွင် (၃)ကြိမ်၊ ဆေးနှင့် ဆေးပစ္စည်း အရောင်းဆိုင်များတွင် (၅) ကြိမ် စုစုပေါင်း (၁၀) ကြိမ် ဆောင်ရွက်ခဲ့ရာ ကုန်စည်များကို အရည်အသွေးပြည့်မီပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိသည့် ကုန်စည်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလာခြင်းရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မန္တလေးတိုင်းဒေသကြီးမှ မတ်လအတွင်း နေရာအလိုက် ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းများကို ဈေးများတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့

*စာမျက်နှာ ၇ မှ အဆက်*

အသင့်စားမုန့်အမျိုးမျိုး၊ အသင့်သောက် အချိုရည်အမျိုးမျိုး၊ မုန့်အမျိုးမျိုး၊ သွားတိုက်ဆေးအမျိုးမျိုးတို့ကို မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၄) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၁၀) ကြိမ်၊ မိတ္ထီလာခရိုင် ဦးစီးမှူးရုံးမှ (၄) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ (၃) ကြိမ်ကိုလည်းကောင်း၊ ရပ်ကွက်/ကုန်စုံ (စတိုး)ဆိုင်များတွင် အရန်သင့်အစားအစာများ၊ အသင့်စား ခေါက်ဆွဲခြောက်အမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားမုန့်မျိုးစုံနှင့် စားသုံးဆီအမျိုးမျိုးတို့ကို မန္တလေးတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ (၁၉) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၉) ကြိမ်၊ မိတ္ထီလာခရိုင် ဦးစီးမှူးရုံးမှ (၆) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ (၄) ကြိမ်ကိုလည်းကောင်း၊ စက်ရုံ/အလုပ်ရုံများတွင် သောက်ရေသန့်အမျိုးမျိုး၊ အာလူးကြော်၊ မုန့်မျိုးစုံ၊ အကြော်စုံ၊ လက်ဖက်၊ ပဲကြော်လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ကျောက်ဆည်ခရိုင် ဦးစီးမှူးရုံးမှ (၄) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၇) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ (၆) ကြိမ် ကို လည်းကောင်း၊ ဆေးနှင့်ဆေးပစ္စည်းဆိုင်များကို မန္တလေးတိုင်း ဒေသကြီးဦးစီးမှူးရုံးနှင့် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၆) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ (၄) ကြိမ်ကိုလည်းကောင်း၊ စုစုပေါင်း (၉၈) ကြိမ် စစ်ဆေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

မရမ်းကုန်းမြို့နယ်နှင့်ခရမ်းမြို့နယ်တို့ရှိ ဆေးဆိုင်များတွင် ရောင်းချနေသော ဆေးဝါးအမျိုးမျိုး၊ သာကေတမြို့နယ်၊ သန်လျင်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ထုတ်လုပ်ရောင်းချနေသော စားသောက်ကုန်အမျိုးမျိုး၊ သာကေတမြို့နယ်နှင့် လှိုင်မြို့နယ်တို့ရှိ သောက်ရေသန့်များတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ စစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် မြို့မဈေးများ၊ ကုန်တိုက်များ၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုးတို့တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြရာ၌ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၁)နှင့် ကိုက်ညီမှုရှိ-မရှိ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

ဟင်္သာတခရိုင်အတွင်းရှိ ကုန်မျိုးစုံဆိုင်များ၊ မြောင်းမြမြို့ အိမ်မဲမြို့၊ ဝါးခယ်မမြို့၊ လပွတ္တာမြို့၊ မော်လမြိုင်ကျွန်းမြို့နယ်များရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ ဦးစားပေး ကုန်စည် (၁၀) မျိုးနှင့် စားအုန်းဆီအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာရှိ လရိပ်စံဆန်စက်၊ ညောင်တုန်းမြို့ ဇီးဖြူကျွန်းကျေးရွာရှိ မြတ်မိခင်ဆန်စက်၊ ဓနုဖြူမြို့နယ်၊ ကျုံတနော်ကျေးရွာရှိ ရွှေမင်းအောင်ဆန်စက်တို့အား ကွင်းဆင်း၍ ဆန်စပါး လက်ကျန်၊ ဆန်ကြိတ်ခွဲ ထုတ်လုပ်မှု၊ စပါးဝယ်ယူမှု အခြေအနေနှင့်ဆန်စပါးဈေးနှုန်း ဈေးကွက် အခြေအနေများအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ



*စာမျက်နှာ ၁၆ မှ အဆက်*

မကွေးမြို့၊ မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံ အရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ နတ်မောက်မြို့၊ ရေနံချောင်းမြို့များရှိ သောက်ရေသန့်ရောင်းချသည့် လုပ်ငန်းရှင်၊ တောင်တွင်းကြီးမြို့ရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ မကွေးမြို့ရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်၊ နတ်မောက်မြို့ရှိ လူသုံးကုန်ပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ပွင့်ဖြူမြို့၊ စလင်းမြို့များရှိ ဆန်ရောင်းချသည့် လုပ်ငန်းရှင်များ၊ သရက်မြို့၊ အောင်လံမြို့၊ ဆင်ပေါင်ဝဲမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ သရက်မြို့ရှိ အလှကုန်ပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်၊ ဆေးနှင့် ဆေးပစ္စည်းရောင်းချသည့်လုပ်ငန်းရှင်၊ သရက်မြို့၊ ဆင်ပေါင်ဝဲမြို့များရှိ သောက်ရေသန့် ရောင်းချသည့် လုပ်ငန်းရှင်၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ပခုက္ကူမြို့၊ ဆိပ်ဖြူ မြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင် ရောင်းချမှု မရှိစေရေးနှင့် လုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ စားသုံးဆီများ ထားသိုရာတွင် သန့်ရှင်းမှုရှိစေရေး၊ သတ်မှတ်အချိုးအစားအတိုင်း Label ကပ်၍ ရောင်းချရေးနှင့် လုပ်ငန်းရှင်များ လိုက်နာ ရမည့် တာဝန်များအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ရွှေရွက်လှ ဒိန်ချဉ်လုပ်ငန်းရှင်၊ ငှက်သိုက် လုပ်ငန်းရှင်၊ အချိုရည်လုပ်ငန်းရှင်၊ မုန့်ဖိုလုပ်ငန်းရှင်၊ ပုသိမ်ကြီးမြို့နယ်ရှိ မုန့်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ မိတ္ထီလာမြို့၊ ပညာရေးကောလိပ်ရှိ ဆရာ-ဆရာမများ၊ ကျောင်းသား-ကျောင်းသူများ၊ ကြာအင်းကျေးရွာနှင့် လူးခင်းကြီးကျေးရွာရှိ စားသုံးသူပြည်သူများအား ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာများ အကြောင်း၊ စားသုံးသူနစ်နာဆုံးရှုံးမှု များရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကျောက်ဆည်မြို့၊ မိတ္ထီလာမြို့၊ မလှိုင်မြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာများအား Talk Show ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်**

မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ဝင်း ကုန်စည်ပို့ဆောင်ရေးကားဂိတ်ရှိ ယာဉ်မောင်းများနှင့် ဂိတ်မှူးများ၊ လှိုင်မြို့နယ်ရှိ အုတ်ကျင်းဈေးနှင့် မှော်ဘီမြို့နယ်ရှိ တပ်ကြီးကုန်းကျေးရွာတို့ရှိ စားသုံးသူပြည်သူများ၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ခရမ်းမြို့နယ်၊

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၅ မှ အဆက်*

ကံကလေးကျေးရွာများရှိ ပြည်သူများအား စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူများလိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်း၊ စားသုံးသူများနစ်နာဆုံးရှုံးမှုများရှိလျှင် တိုင်ကြားနိုင်သည့် နည်းလမ်းများကို ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ဖြူးမြို့၊ ရေတာရှည်မြို့၊ အုတ်တွင်းမြို့၊ ပြည်မြို့၊ ပန်းတောင်းမြို့၊ ပေါက်ခေါင်းမြို့၊ သာယာဝတီမြို့၊ ကျောက်တံခါးမြို့၊ ကြို့ပင်ကောက်မြို့၊ မင်းလှမြို့နှင့် နတ်တလင်းမြို့နယ်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ချောက်မြို့၊ ရေနံချောင်းမြို့၊ တောင်တွင်းကြီးမြို့များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျောင်းသားကျောင်းသူများ၊ တောင်တွင်းကြီးမြို့ ရွှေကြာအင်း (၁) ရပ်ကွက်၊ ပွင့်ဖြူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ မိဘပြည်သူများ၊ ပခုက္ကူမြို့၊မင်းဘူးမြို့၊ စလင်းမြို့၊ ပွင့်ဖြူမြို့များရှိ မော်တော်ယာဉ်ကြီးကြပ်ရေး ကော်မတီရုံးတွင် ယာဉ်မောင်းများနှင့် ဂိတ်မှူးများ၊ သရက်မြို့နှင့် မင်းလှမြို့၊ စည်ပင်ဈေးများရှိ စားသုံးသူပြည်သူများ၊ ဆိပ်ဖြူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သော ပန်းချီသင်တန်းနှင့် ဂန့်ဂေါမြို့၊




ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပပြုလုပ်သော အခမ်းအနားမှူးသင်တန်းတို့ရှိ သင်တန်းသားသင်တန်းသူများ၊ ပခုက္ကူမြို့ TTC ပညာရေးကောလိပ်ရှိ ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း၊ ရေနံချောင်းမြို့၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့၊ သရက်မြို့၊ အောင်လံမြို့၊ ဆင်ပေါင်ဝဲမြို့ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့နှင့် ဂန့်ဂေါမြို့များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် စလင်းမြို့ မြို့နယ်တာဝန်ခံရုံးတွင် အွန်လိုင်းစနစ်ဖြင့်ရောင်းချသည့် လုပ်ငန်းရှင်များ၊ မကွေးမြို့ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းရှင်များ၊ ချောက်မြို့၊ ရေနံချောင်းမြို့ရှိ ဆန်ရောင်းချသည့် လုပ်ငန်းရှင်များ၊ ချောက်မြို့ရှိ ဘိလပ်မြေရောင်းချသည့် လုပ်ငန်းရှင်များ၊

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များ အလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် မတ်လအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ မြေမြင့်ရပ်ကွက်၊ အောင်နန်းရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်၊ စီတာပူရပ်ကွက်၊ ခေမာသီရိရပ်ကွက်နှင့် စည်ပင်သာယာရေးဈေးရှိ ကုန်စုံဆိုင်များ၊ ရှမ်းစုတောင်ရပ်ကွက်၊ မြို့မရပ်ကွက်ရှိ ဆေးဆိုင်များ၊ တပ်ကုန်းရပ်ကွက်ရှိ စတိုးဆိုင်များ၊ မိုးညှင်းမြို့ရှိ စိမ်းမြောက်ရပ်ကွက်၊ စိမ်းတောင်ရပ်ကွက်၊ သီတာရပ်ကွက်၊ မြို့မရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်နှင့် အမှတ် (၁) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင်များ၊ မြို့မရပ်ကွက်ရှိ စတိုးဆိုင်များ၊ နတ်ကြီးကုန်းရပ်ကွက်ရှိ ပင်လယ်စာရောင်းဝယ်ရေးလုပ်ငန်းတို့သို့ မိတ်ဖက်ဌာနဆိုင်ရာများနှင့်အတူ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာ၌ အသင့်စားမုန့်အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ အအေးခဲအစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ ငရုတ်ဆီနှင့် အချဉ်ရည်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ နေရာစုံဖြန့်ကျက်၍ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းကို ဈေး (၂) ကြိမ်၊ ရပ်ကွက်ကုန်စုံဆိုင် (၁၃) ကြိမ်၊ ဆေးဆိုင် (၁) ကြိမ်၊ အခြား (၄) ကြိမ်၊ စုစုပေါင်း (၂၀) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ပေါ်ရှိ ဆေးဆိုင်များသို့သွားရောက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ သက်တမ်းလွန်နေသော ဆေးဝါးများနှင့် တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာသည့် ဆေးဝါးများကို တင်သွင်းရောင်းချဖြန့်ဖြူးခြင်း ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

ဖော်ပြခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက်နှင့်အညီ ကိုက်ညီမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ ရွှေညသြဆေးဆိုင်၊ သီဟဆေးဆိုင်များ၊ ဘုရင့်နောင်ဈေးရှိ ကုန်စုံဆိုင်များနှင့် မြဝတီမြို့ရှိ ကျွန်းတောဈေး၊ ကြံခင်းဈေး၊ ရပ်ကွက်လက်လီကုန်စုံဆိုင်များ၊ စက်ရုံအလုပ်ရုံများ၊ ကျောင်းမုန့်ဈေးတန်းများ၊ ဆေးဆိုင်များသို့သွားရောက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင် ထားခြင်းမရှိသော ဆေးဝါးများ၊ သက်တမ်းလွန်နေသော ဆေးဝါးများနှင့် တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်လာသည့်ဆေးဝါးများကို တင်သွင်းရောင်းချဖြန့်ဖြူးခြင်း ရှိ-မရှိ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင် ညွှန်ကြားချက်နှင့်အညီ ကိုက်ညီမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မုဒုံမြို့ပေါ်နှင့် မော်လမြိုင်မြို့နယ် အောက်လမ်းမကြီး လက်ဝဲ၊ လက်ယာလမ်းဘေးတွင် ဖွင့်ထားသည့် ဆန်ဆိုင်များ၊ မော်လမြိုင်မြို့နယ်၊ ဈေးကြီးရပ်၊ သထုံတံတားလမ်းရှိ ဆန်ပွဲရုံ၊ ဆန်ဆိုင်များ၊ ဆန်စပါး သိုလှောင်ရုံများတွင် ပြည်တွင်းစပါး၊ ဆန်ဈေးကွက်အတွင်း စပါးဆန်ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းရှိ-မရှိ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ မြေနီကုန်းရပ်ကွက်၊ အောက်ကျင်းရပ်ကွက်၊ ဈေးကြိုရပ်ကွက်၊ ကြာအင်းရပ်ကွက်နှင့် ရိုးဂိုးရပ်ကွက်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၊ ချောင်းဆုံမြို့နှင့်ဘီလင်းမြို့နယ်တို့ရှိ စက်သုံးဆီဆိုင်များတွင် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းရှိ-မရှိ၊ ကျိုက်မရောမြို့နယ် မြို့မဈေး၊ ချောင်းဆုံမြို့နယ် အမှတ်(၂) မြို့မဈေး၊ မုဒုံမြို့နယ် မြို့ပေါ်ရပ်ကွက်၊ သထုံမြို့နယ် မြို့မဈေး၊ ပေါင်မြို့နယ် ပေါင်းရပ်ကွက်၊ ကျိုက်ထိုမြို့နယ် မြို့မဈေး၊ ဘီလင်းမြို့နယ် မြို့ပေါ်ရပ်ကွက်တို့တွင် ဖွင့်လှစ်ထားသော ကုန်စုံဆိုင်များရှိ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံ စွာဖော်ပြထားမှု ရှိ-မရှိ၊ မော်လမြိုင်မြို့နယ်၊ သထုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ်အတွင်းတို့ရှိ လိုင်စင်ရဆေးဝါးအရောင်းဆိုင်များ၊ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် ဆေးဝါးများကို ဈေးနှုန်းမှန်ကန်စွာ ရောင်းချရေးနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိ-မရှိ၊ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ-မရှိ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း၊ မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ပင်ကျေးရွာအတွင်းရှိ ဆားချောရောင်းချနေသောဆိုင်များတွင် ကုန်အညွှန်းအမှတ်အသားနှင့်စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ-မရှိ စစ်ဆေးစေခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ပင်းတယမြို့၊ ဟိုပုံးမြို့၊ ကျောက်တလုံးမြို့၊ ဆီဆိုင်မြို့၊ ပင်လုံမြို့၊ နမ့်စန်မြို့များရှိ စားအုန်းဆီဆိုင်များ၊ ပင်းတယမြို့၊ ပင်လုံမြို့၊ နမ့်စန်မြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များ၊ နမ့်စန်မြို့၊ ကလောမြို့ပေါ်ရှိ စတိုးဆိုင်များ၊

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၄ မှ အဆက်*

ရုံးတို့ရှိ ဝန်ထမ်းများ၊ ရွှေဘိုမြို့၊ စက်မှုဇုန်ရပ်ကွက်ရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကလေးမြို့နှင့် ကန့်ဘလူမြို့တို့တွင် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အသိပညာပေး Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးအနေဖြင့် (၄) ကြိမ်၊ ကန့်ဘလူခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံး အနေဖြင့် (၆) ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၃) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ စုစုပေါင်း(၂၃) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ လိုက်နာရမည့် အချက်များ၊ ကုန်စည်နှင့်စပ်လျဉ်း၍ ဖော်ပြရမည့်အာမခံချက်များကို ရှင်းလင်းဆွေးနွေး အသိပညာပေးခြင်း၊ ရည်ညွှန်းဈေးသတ်မှတ်ထားသော ကုန်စည်များအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချစေရေး ဆွေးနွေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်နှင့် သက်ဆိုင်သောလက်ကမ်း စာစောင်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့၊ မြို့တော်ခန်းမ(၂)၊ မြိတ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူအခွင့်အရေးများနေ့အကြောင်း၊ အွန်လိုင်းရောင်းဝယ်မှုနှင့်ပတ်သက်သည့် သတိပြုရမည့်အချက်များ၊ အွန်လိုင်းမှတ်ပုံတင်ဆောင်ရွက်ခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ အကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ကုန်စည်များတွင် ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းဆိုင်ရာများအကြောင်းကို အသိပညာပေး Talk Show အစီအစဉ်များ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။



**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့၊ ခရိုင်မီးသတ်တပ်ဖွဲ့၊ ကဝမြို့နယ်၊ ကံပေါကျေးရွာ၊ ဝေါမြို့နယ်၊ အလင်းရောင်ရပ်ကွက်၊ သနပ္ပင်မြို့နယ်၊ ကမာစဲရွာရှိ ပြည်သူများ၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ် မိုးဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း ၊ ရေတာရှည်မြို့နယ် ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ အုတ်တွင်းမြို့နယ်၊ ပညာမြင့်မိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပြည်မြို့၊ သူနာပြုနှင့်သားဖွားအသက်မွေးဝမ်းကျောင်းရှိ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ သဲကုန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာ၊ နတ်တလင်းမြို့နယ်၊

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှ အဆက်*

အမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်အတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်- **Source:** ထုတ်လုံ

| ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ | | | | | |
|---|---|---|---|---|---|
| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၁၀၇ | ၃၃၈ | ၁၀၇ | ၃၃၈ |
| ၂။ | ဖေဖော်ဝါရီလ | ၈၈ | ၂၆၁ | ၈၈ | ၂၆၁ |
| ၃။ | မတ်လ | ၈၇ | ၂၂၇ | ၈၇ | ၂၂၇ |
| စုစုပေါင်း | | ၂၈၂ | ၈၂၆ | ၂၈၂ | ၈၂၆ |

## စားသုံးသူအသိပညာပေးကဏ္ဍ

### တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း-

**စစ်ကိုင်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မုံရွာမြို့၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မုန့်ဖုတ်သင်တန်းရှိ သင်တန်းသားများ၊ ကလေးမြို့၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဟုမ္မလင်းမြို့၊ စိုက်ပျိုးရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မုံရွာမြို့ ခရိုင်ရဲတပ်ဖွဲ့မှူး

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှ အဆက်*

ကလောမြို့၊ အမှတ်(၁) ရပ်ကွက်တွင် ရွှေလာဘ်ပွင့်စားသောက်ကုန်လုပ်ငန်း၊ ပင်းတယမြို့ပေါ်နှင့် နမ့်စန်မြို့မဈေးတို့ရှိ ဆန်ဆိုင်များ၊ ပင်လုံမြို့ပေါ်ရှိ သောက်ရေသန့်လုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယပြည်နယ် ဦးစီးမှူးရုံး ကျိုင်းတုံမြို့ ရပ်ကွက် (၂) နှင့် ရပ်ကွက် (၃) တို့ရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်များ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၂) ရှိ ဒိန်ချဉ်ထုတ်လုပ်သည့် လုပ်ငန်း၊ နောင်လိတ်ရပ်၊ ရပ်ကွက် (၅)နှင့် ဝပ်အင်းရပ်ကွက်တို့ရှိ ပဲငံပြာရည်လုပ်ငန်း၊ ရပ်ကွက်(၁)ရှိ နေကြာစေ့ထုတ်လုပ်သည့်လုပ်ငန်း၊ ယန်းခမ်းရပ်ရှိ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးသည့် မော်တော်ယာဉ်လိုင်းဝန်ဆောင်မှုလုပ်ငန်း၊ တာချီလိတ်မြို့နယ် ဆေခမ်းရပ်ကွက်ရှိ မုန့်လုပ်ငန်း၊ လားရှိုးမြို့ သိန္နီလမ်းမပေါ်ရှိ ကုန်စုံဆိုင်နှင့်စတိုးဆိုင်များ၊ မြို့မဈေးအတွင်းရှိ ဆေးဝါးအရောင်းဆိုင်များအား သွားရောက်၍ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ် အသားပြည့်စုံစွာဖော်ထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။ **Source:** ပြည်နယ်ဦးစီးမှူးရုံးများ

### Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၁-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ Online Sale မှတ်ပုံတင်လက်မှတ် လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ် ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ် အသိပညာပေးဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် မတ်လအတွင်း

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ ခေမာသီရိရပ်ကွက်ရှိ ရွှေဆိုင်လုပ်ငန်းရှင်များ၊ စက်မှုဇုန်ရပ်ကွက်ရှိ စားသုံးသူပြည်သူများနှင့် မိုးညှင်းမြို့ရှိ စားသုံးသူပြည်သူများနှင့် နတ်ကြီးကုန်းရပ်ကွက်ရှိ အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များအား အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ခရိုင်မြို့နယ်အသီးသီးတွင် အွန်လိုင်းမှတဆင့်ဖြန့်ဖြူးရောင်းချလျက်ရှိသော လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ online register တင်ရှိထားစေရေး၊ စားသုံးသူကာကွယ်

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှ အဆက်*

ရေးဥပဒေနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြရေး၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်များနှင့် သိရှိလိုက်နာရမည့်အချက်များ၊ စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ထုတ်လုပ်ရောင်းချမှုရှိစေရေး၊ ကုန်စည်အလိုက် ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများ၊ ပြည့်စုံမှန်ကန်စွာဖော်ပြမှုရှိစေရေး လိုက်နာဆောင်ရွက်ကြရန်နှင့် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူ အသုံးပြုရာတွင် နစ်နာဆုံးရှုံးမှုများ ဖြစ်လာပါက တိုင်ကြားနိုင်သည့် အကြောင်းအရာများ အသိပညာပေးဆွေးနွေးခြင်းများ စုစုပေါင်း (၂၈) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သရက်မြို့၊ အောင်လံမြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့များရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့်ရောင်းချပါက Online မှတ်ပုံတင်လက်မှတ်လျှောက်ထားရန်နှင့် လက်မှတ်ရရှိသူ၏ တာဝန်များဖောက်ဖျက်မှုမရှိစေရေး အသိပညာပေးခြင်းနှင့် အွန်လိုင်းစနစ်ဖြင့်ရောင်းချပါက Online မှတ်ပုံတင် လက်မှတ်လျှောက်ထားရန်နှင့် လက်မှတ်ရရှိသူ၏ တာဝန်များဖောက်ဖျက်မှုမရှိစေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သန်လျင်မြို့နယ်ရှိ မြို့ဟောင်းအနောက်ရပ်ကွက် Yoma Bank Limited နှင့် မရမ်းကုန်းမြို့နယ်ရှိ အနောက်ပိုင်းခရိုင်ဦးစီးမှူးရုံးတွင် Old Money Myanmmar တို့အား Online အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ Online Shop လုပ်ငန်းရှင်များဖြစ်သည့် အင်းစိန်မြို့နယ် ရှိ အလှကုန်ပစ္စည်းဆိုင်၊ မင်္ဂလာဒုံမြို့နယ်ရှိ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းဆိုင်၊ သန်လျင်မြို့နယ်ရှိ ကွန်ပျူတာပန်းထိုးလုံချည်နှင့် အမျိုးသမီးအင်္ကျီ၊ ပိုးထည်နှင့်ချည်ထည်လုပ်ငန်း၊ သဘာဝလက်ဖက်စိမ်းခေါင်းလျှော်ရည်နှင့် လူသုံးကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ ကွတ်ကီးနှင့်ကိတ်ခြောက်မုန့်လုပ်ငန်းတို့ရှိ လုပ်ငန်းတို့အား စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် အနောက်ပိုင်းခရိုင်ဦးစီးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးတို့တွင်လည်း Online Sale ရောင်းချသည့်လုပ်ငန်းရှင်များအား အွန်လိုင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့်လုပ်ငန်းရှင်များအားခေါ်ယူတွေ့ဆုံကာ မှတ်ပုံတင်လက်မှတ်ရရှိပြီး လုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့၊ အောင်ဇေယျာရပ်ကွက်ရှိ အလှကုန်ပစ္စည်းများ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်များ၊ မော်လမြိုင်မြို့၊

*စာမျက်နှာ ၁၃ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

အထက်လမ်းမကြီး၊ ဖန်စီပစ္စည်းဆိုင်၊ ကွင်းကျောင်းလမ်း၊ ကွင်းရပ်ကွက်ရှိ Beauty Studio ဆိုင်၊ မော်လမြိုင်မြို့၊ အမှတ်(၆) အောင်သပြေလမ်း၊ မောင်ငံ(ရှမ်းစု)ရပ်ကွက် Amaracare Herbal (Anti-Dandruff) ဆိုင်၊ ဈေးကြိုရပ်ကွက် ရွှေသဇင်အိမ်ရာ နဝရတ်လမ်း ၅လမ်းရှိ ကလေးအသုံးအဆောင်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်တို့အား အွန်လိုင်းမှတ်ပုံ တင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းရှင်များသို့ မှတ်ပုံတင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် လျှောက်လွှာပုံစံတွင် ဖြည့်သွင်းထားသည့် လိပ်စာအတိုင်း လုပ်ငန်းအမှန်တကယ်တည်ရှိခြင်းရှိ-မရှိ၊ မှတ်ပုံတင်လက်မှတ် လျှောက်ထားစဉ်က ရောင်းချရန် တင်ပြထားသော ကုန်စည် (သို့) ဝန်ဆောင်မှုအမျိုးအစားစာရင်းအတိုင်း မြေပြင်တွင် အမှန်တကယ်ရောင်းချနေသော စာရင်းကိုက်ညီမှု ရှိ-မရှိ၊ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်ဖောက်ဖျက်မှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စား အစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၁၅၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်လုံ**

## ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်း

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*